# *vmwlo0j'pm

၁ တမန်တော်တစ်ပါးဖြစ်သော ငါ ပေါလုထံမှ
နှုတ်ဆက်ပါ၏။ ငါသည် တမန်တော်ဖြစ်ရန်
လူအားဖြင့် ရွေးကောက်၍ ခန့်ထားခြင်းမဟုတ်။
ငါသည် လူတို့ထံမှ စေလွှတ်သောသူမဟုတ်။ ထို
သို့ မဟုတ်ပါ။ ငါ့အား တမန်တော်ဖြစ်ရန် ခန့်ထား
သောသူမှာ ယေရှုခရစ်တော်နှင့် ခမည်းတော်ဘုရား
သခင်ဖြစ်၏။ ထိုဘုရားသခင်သည် ယေရှုကို သေ
ခြင်းမှ ထမြောက်စေတော်မူသောသူဖြစ်၏။
၂ ငါနှင့်အတူရှိသော ခရစ်တော်၌ ညီအကိုများ
အားလုံးတို့ကလည်း ဂလာတိပြည်၌ရှိသောအသင်း
တော်များ *(ယုံကြည်သူလူစုများ)* ကို နှုတ်ဆက်ကြ၏။
၃ ငါတို့အဖဘုရားသခင်နှင့် သခင်ယေရှုခရစ်
တော်သည် သင်တို့၌ ကောင်းမြတ်တော်မူ၍ ငြိမ်
သက်ခြင်းကို ပေးတော်မူမည်အကြောင်း ငါ
ဆုတောင်း၏။ ၄ ယေရှုသည် ငါတို့အပြစ်အတွက်
ကိုယ်ကိုယ်ကို အပ်ပေးတော်မူ၏။ ငါတို့နေထိုင်
သော ဤဆိုးညစ်သည့်လောကမှ ငါတို့လွတ်မြောက်
ရန် ယေရှုသည် ဤအရာကို ပြုတော်မူခဲ့၏။ ဤ
အရာသည် ခမည်းတော်ဘုရား အလိုဖြစ်တော်
မူ၏။ ၅ ထိုဘုရားသခင်သည် ထာဝရဘုန်းကြီးတော်
မူစေသော။ အာမင်

**စစ်မှန်သောဧဝံဂေလိတရားတစ်ပါးတည်းသာရှိခြင်း**

၆ များမကြာသေးမီက ဘုရားသခင်သည် မိမိ
နောက်တော်သို့လိုက်ရန် သင်တို့ကို ခေါ်တော်မူ
၏။ သူသည် သင်တို့အား ခရစ်တော်အားဖြင့်လာ
သော မိမိ ကျေးဇူးတော် *(ကြင်နာခြင်း)* အားဖြင့်
ခေါ်တော်မူ၏။ သို့သော်လည်း ယခုတွင် သင်တို့
ကို ငါ အံ့သြခြင်းရှိ ။ သင်တို့သည် အဝေးသို့ခွာ
လျက်၊ ကွဲပြားခြားနားသော ဧဝံဂေလိတရားကို
ယုံကြည်ခံယူလျက်ရှိကြ၏။ ၇ အမှန်စင်စစ်၊ အခြား
သော ဧဝံဂေလိတရားအစစ်အမှန်ဟူ၍ မရှိ။ သို့
သော်လည်း အချို့သောသူတို့သည် သင်တို့ကို
ရှုပ်ထွေးစေကြ ။ ထိုသူတို့သည် ခရစ်တော်၏ ဧဝံ
ဂေလိတရားတော်ကို မှောက်လှန် ပြောင်းလဲလိုကြ
၏။ ၈ ငါတို့သည် စစ်မှန်သော ဧဝံဂေလိတရားကို
ဟောပြောကြ ။ ထို့ကြောင့် အကယ်၍ ငါတို့ကိုယ်
တိုင်သော်လည်းကောင်း၊ ကောင်းကင်မှလာသော
ကောင်းကင်တမန်သည်လည်းကောင်း၊ ကွဲပြား
ခြားနားသော ဧဝံဂေလိတရားကို ဟောပြောလျှင်
ထိုသူသည် ကျိန်ခြင်းအပြစ်ဒဏ်ကို ခံရမည်။ ၉ ငါ
သည် ဤအရာကို ပြောနှင့်ပြီ။ ယခု တစ်ဖန် ငါပြော
ဦးမည်။ သင်တို့သည် စစ်မှန်သောဧဝံဂေလိတရား
ကို ခံယူပြီးဖြစ်၏။ တစ်စုံတစ်ယောက်သည် သင်တို့
အား ကယ်တင်ခြင်းသို့ရောက်ရန် အခြားသောလမ်း
ကိုဟောပြောလျှင်၊ ထိုသူသည် ကျိန်ခြင်းအပြစ်ဒဏ်
ကို ခံရမည်။
၁၀ ယခုတွင် လူတို့သည် ငါ့အား လက်ခံလာကြ
ရန် ငါသည် ကြိုးစား၍ လုပ်ဆောင်နေသည်ဟု သင်
တို့ မထင်မမှတ်ကြနှင့်။ ငါသည် ဘုရားသခင်
စိတ်နှလုံးတော်နှင့်တွေ့ရန် သာကြိုးစားလျက်နေ၏။
ငါသည် လူတို့နှစ်သက်စေရန် ကြိုးစားခြင်း မပြု။
ငါသည် လူတို့ အလိုကိုရှာလျှင် ယေရှုခရစ်တော်
အစေခံကျွန်မဟုတ်ပြီ။

**ပေါလု အခွင့်အာဏာသည် ဘုရားသခင်ထံမှဖြစ်ခြင်း**

၁၁ ညီအစ်ကိုတို့၊ ငါသည်သင်တို့အားဟောပြော
သောဧဝံဂေလိတရားသည် လူအားဖြင့်မဟုတ်သည်
ကို သင်တို့သိစေရန် ငါအလိုရှိ၏။ ၁၂ ငါသည် ထို
တရားကို လူတို့မှ ခံရသည် မဟုတ်။ မည်သူကမျှ
ငါ့အား ဝမ်းမြောက်ဖွယ်သတင်းကောင်းကို သွန်
သင်ပေးခြင်းမရှိ။ ယေရှုခရစ်ကိုယ်တော်တိုင် ဤ
တရားကို ငါ့အား ပေးတော်မူ၏။ ငါသည် ထိုဧဝံ
ဂေလိတရားကိုလူတို့အားဟောပြောရမည့်အကြောင်း
သူသည် ငါ့အား ဖော်ပြတော်မူ၏။
၁၃ ကုန်လွန်ခဲ့ပြီးသော ငါ အသက်တာကိုသင်
တို့ ကြားခဲ့ရပြီးဖြစ်၏။ ငါသည် ယုဒဘာသာဝင်ဖြစ်
၏။ ငါသည်ဘုရားသခင် အသင်းတော်ကိုအလွန်
ညှဉ်းပမ်းနှိပ်စက်ခဲ့၏။ ငါသည် အသင်းတော် *(ယုံ
ကြည်သူများ)* ကို ဖျက်ဆီးရန် ကြိုးစားခဲ့၏။ ၁၄ ငါ
သည် ယုဒဘာသာ၌ ခေါင်းဆောင်တစ်ဦးလည်း
ဖြစ်လာခဲ့၏။ ငါနှင့်ရွယ်တူဖြစ်သော ဂျူးလူမျိုးအများ

စုထက် ပို၍ ကောင်းမွန်အောင် ကြိုးစားခဲ့၏။ ငါ
သည် နည်းဥပဒေဟောင်းများကို လိုက်ရန် အခြား
သောသူတို့ထက် သာ၍ ကြိုးစားခဲ့၏။ ဤနည်းဥပ
ဒေဟောင်းသည် ငါတို့ ဘိုးဘေးများထံမှ ခံယူခဲ့
သော ထုံးတမ်းစဉ်လာများဖြစ်၏။
[၁၅] သို့သော်လည်း၊ ငါ မမွေးဖွားမီကပင်
ဘုရားသခင်သည် ငါ့အတွက် အထူးအကြံအစည်
ရှိတော်မူ၏။ ထို့ကြောင့် ဘုရားသခင်သည် ငါ့အား
မိမိ၏ကျေးဇူးတော် *(ကြင်နာခြင်း)* အားဖြင့် ခေါ်တော်
မူ၏။ ဘုရားသခင်သည် ငါ့အား သားတော် *(ယေရှု)*
ဝမ်းမြောက်စရာသတင်းကောင်းကို ဂျူးလူမျိုး
မဟုတ်သော အခြားသောလူမျိုးများဆီသို့ ဟော
ပြောရန် အလိုတော်ရှိ၏။ ထို့ကြောင့် ဘုရားသခင်
သည် ငါ့အား မိမိ သားတော်အကြောင်းကို
ဖွင့်ပြ *(သွန်သင်)* တော်မူ၏။ ဘုရားသခင်သည် ငါ့
ကို ခေါ်တော်မူသောအခါ ငါသည် မည်သူ့ထံ၌မျှ
အကြံဉာဏ် သို့မဟုတ် အကူအညီကို မယူခဲ့ပါ။
[၁၇] ငါသည် တမန်တော်များနှင့်တွေ့ရန် ယေရုရှ
လင်မြို့သို့ မသွားခဲ့၊ ငါသည် တမန်တော်မဖြစ်မီ
ထိုသူတို့သည် တမန်တော်များဖြစ်ကြ၏။ သို့သော်
လည်း စောင့်ဆိုင်းခြင်းမရှိဘဲ၊ ငါသည် အာရပ်
ပြည်သို့ သွားခဲ့၏။ ထိုနောက်မှ ငါသည် ဒမာသက်
မြို့သို့ ပြန်သွားခဲ့၏။
[၁၈] သုံးနှစ်လွန်ပြီးမှ ငါသည် ယေရုရှလင်မြို့သို့
သွားခဲ့၏။ ငါသည် ပေတရုအား တွေ့လို၏။ ငါသည်
ပေတရုနှင့်အတူ တစ်ဆယ့်ငါးရက်တိုင်တိုင် နေ
ခဲ့၏။ [၁၉] ငါသည် သခင်ဘုရား *(ယေရှု)* ညီတော်
ယာကုပ်မှတစ်ပါး အခြားသောတမန်တော်များကို
မတွေ့ခဲ့။ [၂၀] ငါရေးသော ဤအရာများတို့သည်
မုသာမပါကြောင်းကို ဘုရားသခင် သိတော်မူ၏။
[၂၁] ထိုနောက်မှ တစ်ဖန် ငါသည် ရှုရိပြည်နှင့် ကိလိ
ကိပြည်သို့ သွားခဲ့၏။
[၂၂] ယုဒပြည်၌ရှိသော ခရစ်တော်၏ အသင်း
တော်များ *(ယုံကြည်သူလူစု)* တို့သည် ငါ့ကို တစ်
ကြိမ်တစ်ခါမျှ မတွေ့ကြရသေး။ [၂၃] "ဤသူသည်
ငါတို့ကို ညှဉ်းဆဲခဲ့သူဖြစ်၏။ သို့သော်လည်း ယခု
တွင် သူသည် တစ်ချိန်က ဖျက်ဆီးရန် ကြိုးစားခဲ့
သော ယုံကြည်ခြင်းတရားကို လူတို့အား ဟောပြော
လျက်နေသည်" ဟု ငါ အကြောင်းကို သူတို့သည်
ကြားခဲ့ကြ၏။ [၂၄] ထိုယုံကြည်သူများတို့သည် ငါ့
အကြောင်းကြောင့် ဘုရားသခင်ကို ချီးမွမ်းကြ၏။

## အခြားသောတမန်တော်များက ပေါလုအား လက်ခံကြခြင်း

၂ တစ်ဆယ့်လေးနှစ်လွန်ပြီးနောက်၊ ငါသည်
ယေရုရှလင်မြို့သို့ တစ်ဖန်သွားခဲ့၏။ ငါသည် ဗာ
နဗနှင့် သွားခဲ့၏။ တိတုကိုလည်း ငါနှင့်အတူ
ခေါ်သွားခဲ့၏။ [၂] ငါသွားရမည့်အကြောင်း ဘုရား
သခင်သည် ငါ့အား ဖော်ပြသောကြောင့် ငါသွား
ခဲ့၏။ ယုံကြည်သူများကို ဦးဆောင်သောသူများထံ
သို့ ငါသွားခဲ့၏။ ငါတို့သည် ဂျူးလူမျိုးများသာရှိနေ
ချိန်တွင် ဂျူးလူမျိုးမဟုတ်သော အခြားသောလူမျိုး
တို့အားလည်း ဧဝံဂေလိတရားကို ဟောပြောခဲ့ ။
ငါဆောင်ရွက်သောအမှုကို ထိုသူတို့အား ငါသိစေ
လို ။ သို့မှသာ လွန်ခဲ့ပြီးသောအချိန်က ငါဆောင်ရွက်
ခဲ့သည့် အမှုနှင့် ယခုငါဆောင်ရွက်သောအမှုတို့
သည် အချည်းနှီးဖြစ်လိမ့်မည် မဟုတ်။ [၃-၄] တိတု
သည် ငါနှင့်အတူရှိ ။ သူသည် ဂရိလူမျိုး *(ဂျူး
လူမျိုးမဟုတ်သောလူမျိုး)* ဖြစ် ။ သို့သော်လည်း
ထိုခေါင်းဆောင်တို့သည် တိတုအား အရေဖျားလှီး
ခြင်းကို ခံရန် အတင်းအဓမ္မမပြုကြ။ ဤပြဿနာ
အကြောင်းကို ငါတို့သည် ဟောပြောရန် လိုအပ် ။
အဘယ်ကြောင့်ဆိုသော် မှားယွင်းသောအချို့ ညီ
အစ်ကိုတို့သည် ငါတို့ထံသို့ လျှို့ဝှက်စွာဝင်လာ
ခဲ့ကြ ။ သူတို့သည် ခရစ်တော်ယေရှု၌ ငါတို့
လွတ်လပ်ခြင်းအကြောင်းကို စုံစမ်းရန်နှင့် ငါတို့
အား ကျွန်ခံစေရန် သူလျှိုများကဲ့သို့ ဝင်လာခဲ့ကြ
၏။ [၅] သို့သော်လည်း၊ ထိုမှားယွင်းသော ညီအစ်ကို
များအလိုရှိသော မည်သည့်အရာကိုမျှ ငါတို့သည်
သဘောမတူညီခဲ့ကြ။ ဧဝံဂေလိတရားကို သင်တို့
အတွက် ဆက်လက်၍ တည်နေရန် ငါတို့အလိုရှိခဲ့
ကြ၏။
[၆] အရေးပါသည်ဟုထင်ရသောသူတို့သည်လည်း
ငါဟောပြောသော ဧဝံဂေလိတရားကို မပြောင်းလဲ
စေရ။ (သူတို့သည် "အရေးပါသောသူ" ဖြစ်ခြင်း သို့
မဟုတ် မဖြစ်ခြင်းသည် ငါ့အဖို့ အကြောင်းမဟုတ်)။
[၇] သို့သော်လည်း၊ ဘုရားသခင်သည် ပေတရုကဲ့သို့
ထူးခြားသောအမှုကို ငါ့အား ပေးတော်မူသည်ကို
ဤခေါင်းဆောင်တို့သည် မြင်ခဲ့ကြပြီ။ ဘုရားသခင်
သည် ဝမ်းမြောက်စရာသတင်းကောင်းကို ဂျူးလူ
မျိုးတို့အား ဟောပြောရန် ပေတရု၌ အပ်ပေးတော်
မူ၏။ သို့သော်လည်း ဘုရားသခင်သည် ဂျူး
လူမျိုးမဟုတ်သော အခြားသောလူမျိုးတို့အား
ဝမ်းမြောက် စရာ သတင်းကောင်းကို ဟောပြောရန်

ငါ့အားခန့်ထားတော်မူ၏။ ၈ ဘုရားသခင်သည် တ
မန်တော်တစ်ပါးကဲ့သို့အမှုကို ဆောင်ရွက်နိုင်ရန်
တန်ခိုးကို ပေတရုအား ပေးတော်မူသည်နည်းတူ
ငါ့ကိုလည်း ပေးတော်မူ၏။ သို့ရာတွင် ငါသည် ဂျူး
လူမဟုတ်သော အခြားလူမျိုးတို့အတွက် တမန်
တော်ဖြစ်၏။ ၉ ယာကုပ်၊ ပေတရု၊ ယောဟန်တို့
သည် ခေါင်းဆောင်များဖြစ်ဟန်ရှိ၏။ ဘုရားသခင်
သည် ဤထူးခြားသော ကျေးဇူးတော် *(လက်ဆောင်)*
ကို ငါ့အား ပေးတော်မူကြောင်းကို သူတို့ မြင်ခဲ့ကြ
။ ထိုကြောင့် သူတို့သည် ဗာနဗနှင့် ငါ့ကိုလည်း
လက်ခံကြ၏။ ပေတရု၊ ယာကုပ်နှင့် ယောဟန်တို့
ကလည်း "ပေါလုနှင့် ဗာနဗတို့၊ သင်တို့သည်
ဂျူးလူမျိုးမဟုတ်သောအခြားသောလူမျိုးများထံ
သို့သွားကြရန် ငါတို့သဘောတူကြ၏။ ငါတို့သည်
ဂျူးလူမျိုးများထံသို့ သွားမည်" ဟု ပြောဆိုကြ၏။
၁၀ ဆင်းရဲသောသူတို့ကို ကူညီရန်အတွက် သတိရ
ကြရန် တစ်ခုတည်းကိုသာ သူတို့သည် ငါတို့အား
တောင်းဆိုကြ၏။ ထိုအရာသည် ငါအမှန်တကယ်
ပြု လိုသောအရာတစ်ခုဖြစ်၏။

**ပေတရုမှားကြောင်းကို ပေါလုဖော်ပြခြင်း**

၁၁ ပေတရုသည် အန္တိအုတ်မြို့သို့ ရောက်လာခဲ့
။ သူသည် မှားယွင်းသောအမှုတစ်ခုကို ပြုခဲ့၏။
သူပြုခဲ့သော အမှားအတွက် သူ့ကို ငါပြင်း၍ဆီးတား
၏။ ၁၂ အဘယ်သို့ ဖြစ်ပျက်သနည်းဆိုသော်၊ ပေတရု
သည် အန္တိအုတ်မြို့သို့ ပထမအကြိမ်ရောက်လာခဲ့
စဉ်က သူသည် ဂျူးလူမျိုးမဟုတ်သော အခြားလူမျိုး
တို့နှင့်အတူ စားလျှက် ပေါင်းသင်းဆက်ဆံခဲ့၏။
သို့သော်လည်း၊ ဂျူးအချို့တို့သည် ယာကုပ်ထံသို့
ရောက်လာခဲ့ကြ၏။ ထိုဂျူးလူမျိုးတို့ရောက်လာကြ
သောအခါ၊ ပေတရုသည် ဂျူးလူမျိုးမဟုတ်သော
အခြားသောလူမျိုးတို့နှင့်အတူ မစားဘဲနေခဲ့၏။
ပေတရုသည် ဂျူးလူမျိုးမဟုတ်သော အခြားသော
လူမျိုးတို့ထံမှ ကိုယ်ကိုယ်ကိုခွာ၍ သီခြားနေခဲ့၏။
ဂျူးလူမျိုးမဟုတ်သော အခြားသောလူမျိုးအားလုံး
တို့သည် အရေဖျားလှီးခြင်းကို ခံရမည်ဟု ယုံကြည်
သော ဂျူးလူမျိုးတို့ကို ကြောက်ရွံ့ခဲ့ကြ၏။ ၁၃ ထို
ကြောင့် ပေတရုသည် လျှို့ဝှက်သောသူ ဖြစ်၏။
အခြားသောဂျူးလူမျိုးယုံကြည်သူများသည်လည်း
ပေတရုနှင့်အတူ ပူးပေါင်းကြ ။ ထိုကြောင့် သူတို့
သည်လည်း လျှို့ဝှက်သောသူများဖြစ်ကြ၏။ ထိုဂျူး
လူမျိုးယုံကြည်သူများပြုခဲ့သောအမှုများသည် ဗာ
နဗကိုပင် လွှမ်းမိုးခဲ့၏။ ၁၄ ထိုဂျူးလူမျိုးများ ပြုခဲ့
သောအမှုကို ငါမြင်ခဲ့၏။ သူတို့သည် စစ်မှန်သော
ဧဝံဂေလိတရား နောက်သို့ မလိုက်ကြ။ ထို့ကြောင့်
အခြားသော ဂျူးလူမျိုးအားလုံးတို့သည် ငါပြော
သောစကားကို ကြားနိုင်စေရန် ပေတရုအား ငါဆို
ခဲ့ ။ ငါသည် ပေတရုအား "သင်သည် ဂျူးလူမျိုး
တစ်ယောက်ဖြစ်၏။ သို့သော်လည်း သင်သည် ဂျူး
လူမျိုးတစ်ယောက်ကဲ့သို့ အသက်မရှင်။ သင်သည်
ဂျူးလူမျိုးမဟုတ်သော အခြားသောလူမျိုးကဲ့သို့
အသက်ရှင်၏။ ထို့ကြောင့် ယခုတွင် သင်သည် ဂျူး
လူမျိုးမဟုတ်သော အခြားလူမျိုးတို့အား ဂျူးလူမျိုး
ကဲ့သို့ အသက်ရှင်ရန် အဘယ်ကြောင့် အတင်း
အဓမ္မပြုရသနည်း"ဟု ပြောဆိုခဲ့၏။
၁၅ငါတို့သည် ဂျူးလူမျိုးများဖြစ်ကြ၏။ အပြစ်ရှိ
သောသူများဟု ငါတို့ထင်မှတ်သော အခြားလူမျိုး
များကဲ့သို့ မွေးဖွားခဲ့ကြသည် မဟုတ်။ ၁၆သို့သော်
လည်း ပညတ်တရားကိုလိုက်လျှောက်ခြင်းအားဖြင့်
ဘုရားသခင် ရှေ့၌ဖြောင့်မတ်တော်မူခြင်းအခွင့်
မရကြောင်းကို ငါတို့သိကြ ။လူသည် ယေရှုခရစ်
တော်ကို ယုံကြည်ကိုးစားခြင်းအားဖြင့်သာ ဘုရား
သခင်ရှေ့တော်၌ ဖြောင့်မတ်ခြင်းအခွင့်ကို ရ ။
ထို့ကြောင့် ငါတို့သည်ဘုရားသခင်ရှေ့တော်၌ဖြောင့်
မတ်ခြင်းအခွင့်ကိုရရန် ငါတို့၏ ယုံကြည်ခြင်းကို
ခရစ်တော်ယေရှု၌သာ ထားကြရမည်။ ငါတို့သည်
ဘုရားသခင်ရှေ့၌ ဖြောင့်မတ်ခြင်းအခွင့်ကို ရရှိ
ခြင်းသည် ခရစ်တော်အား ယုံကြည်ကိုးစားကြခြင်း
ကြောင့်ဖြစ်၏။ ပညတ်တရားကိုလိုက်လျှောက်ခြင်း
ကြောင့်မဟုတ်။ ပညတ်တရားကို လိုက်လျှောက်
ခြင်းဖြင့် ဘုရားသခင် ရှေ့တော်၌ အဘယ်သူမျှ
ဖြောင့်မတ်ခြင်းသို့ မရောက်နိုင်။
၁၇ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်ခြင်း အခွင့်
ကို ရရှိရန် ငါတို့ *(ဂျူးလူမျိုး)*သည် ခရစ်တော်
ထံသို့ ချဉ်းကပ်လာခဲ့ကြ၏။ ထို့ကြောင့် ငါတို့သည်
လည်း အပြစ်ရှိသောသူများဖြစ်ကြသည်မှာ ထင်ရှား
လျက်ရှိ၏။ ထိုသို့ဆိုသော် ခရစ်တော်သည် ငါတို့
အား အပြစ်ရှိသောသူများ ဖြစ်စေပါသလား။ ထိုသို့
မဖြစ်စေပါ။ ၁၈ သို့သော်လည်း ငါစွန့်လွှတ်ခဲ့သော
ထိုအရာများ *(ပညတ်တရားတော်)* ကို တစ်ဖန်ပြန်၍
သွန်သင်လျှင် ငါ မှားလိမ့်မည်။ ၁၉ ငါသည် ပညတ်
တရား၌ အသက်ရှင်ခြင်းကို စွန့်လွှတ်၍ ရပ်တန့်
ခဲ့၏။ အကြောင်းမှာ ပညတ်တရားသည် ငါ့ကို သေ
စေ၏။ ငါသည် ပညတ်တရား၌ သေလျက်ရှိ၏။
ထို့ကြောင့် ယခုတွင် ငါသည် ဘုရားသခင်အတွက်

အသက်ရှင်နိုင်၏။ ငါသည် ခရစ်တော်နှင့်အတူ
လက်ဝါးကပ်တိုင်မှာ အသေခံ *(ငါ လူဟောင်း)*
၏။ ၂၀ ထို့ကြောင့် ယခုတွင် ငါကိုယ်တိုင် အသက်
ရှင်သည် မဟုတ်။ ခရစ်တော်သည် ငါ့အထဲ၌
အသက်ရှင်လျက်နေ၏။ ငါသည် ယခုတိုင်အောင်
ငါ ကိုယ်ခန္ဓာ၌အသက်ရှင်သေး၏။ သို့သော်လည်း
ငါသည် ဘုရားသခင် သားတော် *(ယေရှု)*ကို
ယုံကြည်ခြင်းအားဖြင့် အသက်ရှင်၏။ ယေရှုသည်
ငါ့ကိုချစ်တော်မူသောသူဖြစ်၏။ သူသည် ငါ့ကို
ကယ်တင်ရန် ကိုယ်ကိုယ်ကို ပေးဆက်အပ်နှံတော်
မူ၏။ ၂၁ ထိုဆုကျေးဇူးလက်ဆောင်သည် ဘုရား
သခင်ထံတော်မှလာ၏။ ထိုအရာသည် ငါ့အတွက်
အလွန်အရေးကြီးသောအရာဖြစ်၏။ အဘယ်ကြောင့်
ဆိုသော် ပညတ်တရားသည် ငါတို့အား ဘုရားသ
ခင်ရှေ့၌ ဖြောင့်မတ်စေနိုင်လျှင်၊ ခရစ်တော်သည်
အသေခံတော်မူလိမ့်မည်မဟုတ်။

**ယုံကြည်ခြင်းဖြင့် ဘုရားသခင်**
**ကောင်းချီးမင်္ဂလာခံရခြင်း**

၃ ယေရှုခရစ်တော်သည် လက်ဝါးကပ်တိုင်
ပေါ်တွင် အသေခံတော်မူသည့်အကြောင်း ကို
ဂလာတိမြို့၌ရှိသော သင်တို့အား အလွန် ရှင်းလင်း
စွာ ဟောပြောခဲ့ပြီ။ သို့သော်လည်း သင်တို့သည်
အလွန်မိုက်မဲကြ ။သင်တို့သည် တစ်စုံတစ်ယောက်
သောသူ လှည့်စားခြင်းကို ခံရကြ၏။ ၂ သင်တို့
သည် အဘယ်သို့သောနည်းအားဖြင့် သန့်ရှင်းသော
ဝိညာဉ်တော်ကို ခံယူခဲ့ကြသနည်း။ ပညတ်တရား
လိုက်လျှောက်ခြင်းဖြင့် ခံယူခြင်း ဖြစ်ပါသလား။
သင်တို့သည် ဝမ်းမြောက်စရာသတင်းကောင်းကို
ကြားရ၍ ယုံကြည်ခြင်းဖြင့် ဝိညာဉ်တော်ကို ခံယူခဲ့
ကြခြင်းဖြစ်ပါသလား။ ငါ့အား ပြောပြကြပါ။ ၃ သင်
တို့သည် ခရစ်တော်၌ သင်တို့၏အသက်တာကို
ဝိညာဉ်တော်အားဖြင့် အစပြုခဲ့ကြ ။ယခုတွင်သင်
တို့သည် ထိုအရာကို မိမိတို့ အစွမ်းတန်ခိုးအား
ဖြင့် ပြီးမြောက်စေရန် ကြိုးစားနေကြပါသလား။ ထို
အရာသည် မိုက်မဲသောအရာဖြစ်၏။ ၄ သင်တို့သည်
အတွေ့အကြုံများစွာရှိကြ၏။ ထိုအတွေ့အကြုံအား
လုံးတို့သည် အချည်းအနှီးဖြစ်ခဲ့ပြီလား။ ထိုအရာ
တို့သည် အချည်းနှီးမဖြစ်ဟု ငါမျှော်လင့်၏။ ၅ သင်
တို့သည် ပညတ်တရားကို လိုက်လျှောက်သော
အားဖြင့် ဘုရားသခင်သည် ဝိညာဉ်တော်ကိုသင်တို့
အား ပေးတော်မူပါသလား။ ထိုသို့ပေးတော်မူခြင်း
မဟုတ်ပါ။ သင်တို့သည် ပညတ်တရားကို လိုက်
လျှောက်သောအားဖြင့် ဘုရားသခင်သည် သင်တို့
အထဲ၌နိမိတ်လက္ခဏာများကိုပြုတော်မူပါသလား။
ထိုသို့ပြုတော်မူခြင်း မဟုတ်ပါ။ သင်တို့သည် ဝမ်း
မြောက်စရာသတင်းကောင်းကို ကြား၍ ယုံကြည်
ကြသောကြောင့်သာ ဘုရားသခင်သည် မိမိ ဝိညာဉ်
တော်ကို သင်တို့အား ပေး၍ သင်တို့အထဲ၌ နိမိတ်
လက္ခဏာများကို ပြုခြင်းဖြစ်၏။

၆ ထိုနည်းတူ အာဗြဟံအကြောင်းကိုလည်း
ကျမ်းစာ၌ “အာဗြဟံသည် ဘုရားသခင်ကို ယုံကြည်
၏။ ဘုရားသခင်သည် အာဗြဟံ ယုံကြည်ခြင်းကို
လက်ခံတော်မူ၏။ ထိုယုံကြည်ခြင်းသည် အာဗြဟံ
အား ဘုရားသခင်၏ ရှေ့တော်၌ ဖြောင့်မတ်စေ ”
ဟု ဆိုထား၏။ ၇ ထိုကြောင့် ယုံကြည်ခြင်းရှိသော
သူတို့သည် အာဗြဟံ စစ်မှန်သော သားသမီးဖြစ်
ကြသည်ကို အမှန် သိမှတ်ကြပါ။ ၈ အနာဂတ်ကာလ
တွင် အဘယ်သို့ဖြစ်လိမ့်မည်အကြောင်းကို သမ္မာ
ကျမ်းစာ၌ဆိုထား၏။ ဘုရားသခင်သည် ဂျူးလူမျိုး
မဟုတ်သော အခြားသောလူမျိုးတို့ကို သူတို့
ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်စေတော်မူမည်
ဟု ရေးထား၏။ ဘုရားသခင်က အာဗြဟံအား “မြေ
ကြီးပေါ်၌ရှိသော လူမျိုးအားလုံးတို့အား ကောင်းချီး
မင်္ဂလာပေးရန် သင့်ကို အသုံးပြုမည်”ဟု ကျမ်းစာ
၌ ဆိုထားသည်အတိုင်း ဤအကြောင်း မတိုင်မီ
ဝမ်းမြောက်စရာသတင်းကောင်းကို အာဗြဟံအား
ဟောပြောတော်မူနှင့်ပြီးဖြစ်၏။ ၉ ထိုအရာကို အာ
ဗြဟံ ယုံကြည်၏။ အဘယ်ကြောင့်ဆိုသော် အာဗြဟံ
သည် ယုံကြည်သောကြောင့် သူသည် ကောင်းချီး
မင်္ဂလာကို ခံရ၏။ ထိုနည်းတူ ယနေ့တွင်လည်းဖြစ်
၏။ အာဗြဟံသည် ကောင်းချီးမင်္ဂလာကို ခံခဲ့ရသည်
နည်းတူ ယုံကြည်သူအားလုံးတို့သည်လည်း ကောင်း
ချီးမင်္ဂလာကို ခံရကြ၏။ ၁၀ သို့သော်လည်း ပညတ်
တရားကို လိုက်လျှောက်ခြင်းအားဖြင့် ဖြောင့်မတ်
ခြင်းသို့ရောက်ရန်ပြုသော သူတို့သည် ကျိန်ခြင်း
အောက်၌ ရှိကြ၏။ အဘယ်ကြောင့်ဆိုသော် “လူ
တစ်ယောက်သည် ပညတ်တရား၌ ရေးသားထား
သမျှသောအရာ အားလုံးတို့ကိုကျင့်ရမည်”ဟု ကျမ်းစာ
၌ ဆိုထား၏။ သူသည် အစဉ်အမြဲ နားထောင်ခြင်း
မရှိလျှင် ကျိန်ခြင်းအောက်၌ ရှိ၏”။ ၁၁ ထို့ကြောင့်
ပညတ်တရားအားဖြင့် မည်သူမျှ ဘုရားသခင်ရှေ့
၌ ဖြောင့်မတ်ခြင်းသို့ မရောက်သည်မှာ ထင်ရှား
လျက်ရှိ၏။ “ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့

၌ဖြောင့်မတ်ခြင်းအခွင့်ကို ရသောသူသည် ထာဝရ
အသက် ရှင်လိမ့်မည်”ဟု ကျမ်းစာ၌ ရေးထား၏။
၁၂ပညတ်တရားသည် ယုံကြည်ခြင်း နှင့် မစပ်ဆိုင်။
ယုံကြည်ခြင်းနှင့် ဆန့်ကျင်ဘက်ဖြစ်၏။ ပညတ်
တရားက“ပညတ်တရားကိုလိုက်လျှောက်ခြင်းအား
ဖြင့် အသက်ကို တွေ့လိုသောသူသည် ပညတ်တ
ရားဆိုထားသောအရာများကို ကျင့်ရမည်”ဟု ဆို
၏။ ၁၃ ပညတ်တရားသည် အပြည့်အဝ နာခံခြင်းမရှိ
သော သူအပေါ်၌ ကျိန်ခြင်းကို ချ ထား၏။ သို့သော်
လည်း ခရစ်တော်သည် ထိုကျိန်ခြင်းကို အဝေးသို့
ဖယ်ရှားတော်မူ၏။ သူသည် ငါတို့နှင့်နေရာချင်း
လဲတော်မူ၏။ ခရစ်တော်သည် ကိုယ်ကိုယ်ကို ထို
ကျိန်ခြင်းအောက်၌ ချထားတော်မူ၏။ ကျမ်းစာ၌
“သစ်ပင်ပေါ်၌ချိတ်ဆွဲခြင်း ခံရသောသူသည် ကျိန်
ခြင်းကို ခံရသောသူဖြစ်၏”ဟု ရေးထား၏။ ၁၄ ဘုရား
သခင်၏ကောင်းချီးမင်္ဂလာကို လူအားလုံးတို့၌
အပ်ပေးရန် ခရစ်တော်သည် မိမိကိုယ်ကို ကျိန်ခြင်း
အောက်၌ ချခဲ့၏။ ဘုရားသခင်သည် ထိုကောင်းချီး
မင်္ဂလာကို အာဗြဟံ၌ ကတိပြုခဲ့၏။ ထိုကောင်းချီး
မင်္ဂလာသည် ယေရှုခရစ်တော်အားဖြင့် လာ၏။ ထို
ကြောင့် ခရစ်တော်အသေခံခြင်းအားဖြင့် ငါတို့သည်
ဘုရားပေးတော်မူသော ကတိတော်ဖြစ်သည့် သန့်
ရှင်းသောဝိညာဉ်တော်ကို ယုံကြည်ခြင်းအားဖြင့် ငါ
တို့ ခံရကြ၏။

**ပညတ်တရားနှင့် ကတိတော်**

၁၅ ညီအစ်ကိုမောင်နှမများတို့၊ သင်တို့အား
ဥပမာသာဓကတစ်ခုငါပေးပါရစေ။ လူတစ်ယောက်
သည် အခြားသော လူတစ်ယောက်နှင့် ပြုသော
သဘောတူညီချက် (*ပဋိညာဉ်*) အကြောင်းကို ဆင်
ခြင်ကြပါ။ ထိုသဘောတူညီချက်ကို တရားဝင်ပြုပြီး
သည့်နောက်ပိုင်း၌ မည်သူတစ်ဦးကမျှ ထိုသဘော
တူညီချက်ကို ရုပ်သိမ်းခြင်း သို့မဟုတ် တစ်စုံတစ်
ရာကို ပေါင်းထည့်ခြင်းမပြုနိုင်။ ထိုသဘောတူညီ
ချက်ကို မည်သူကမျှ လျှစ်လျူမရှုနိုင်။ ၁၆ ဘုရား
သခင်သည် အာဗြဟံနှင့် သူ၏ အမျိုးအနွယ်အား
ကတိတော်များကိုပြုတော်မူ၏။ ဘုရားသခင်သည်
“သင်၏အမျိုးအနွယ်များ” ဟု မပြောခဲ့ပါ။ (လူ
များစွာတို့ကို ဆိုလိုသည်။) သို့သော်လည်း ဘုရား
သခင်က “သင်၏အမျိုးအနွယ်”ဟု ဆိုခဲ့၏။ (ခရစ်
တော်တစ်ဦးတည်းကိုသာ ဆိုလို၏)။ ၁၇ ဤအရာ
သည် ငါတို့ဆိုလိုသောအရာဖြစ်၏။ အာဗြဟံအား
ဘုရားသခင်ပေးတော်မူသော သဘောတူညီချက်
သည် တရားဝင်ပြုတော်မူသောပဋိညာဉ်ဖြစ်၍
ပညတ်တရားရောက်မလာခဲ့မီကြာမြင့်သောအချိန်
က ပင်ဖြစ်၏။ ပညတ်တရားသည် ထိုနောက် အနှစ်
လေးရာသုံးဆယ် ကြာမှရောက်လာခဲ့၏။ ထိုကြောင့်
ပညတ်တရားသည် ထိုသဘောတူညီချက်ကို
ပြောင်းလဲ၍ အာဗြဟံအား ဘုရားသခင်ပေးသော
ကတိတော်ကို မပယ်ရှားနိုင်ပါ။ ၁၈ ပညတ်တရား
ကိုလိုက်လျှောက်ခြင်းအားဖြင့် ဘုရားသခင်၏ကတိ
ပေးမူသောအရာများကို ငါတို့ရရှိနိုင်ပါသလား။ ထို
သို့ မရနိုင်ပါ။ ငါတို့သည် ပညတ်တရားကို လိုက်
လျှောက်ခြင်းအားဖြင့် ထိုအရာများကို ရရှိနိုင်မည်
ဆိုလျှင်၊ ထိုအရာများကို ဘုရားသခင်၏ ကတိ
တော်အားဖြင့် ရရှိခြင်းဖြစ်မည် မဟုတ်။ သို့သော်
လည်း ဘုရားသခင်သည် မိမိပြုခဲ့သောကတိတော်
အားဖြင့် ကောင်းချီးမင်္ဂလာများကို အာဗြဟံအား
အခမဲ့ပေးတော်မူ၏။

၁၉ ထိုသို့ဆိုလျှင် ပညတ်တရားသည်အဘယ်
အတွက် ဖြစ်ပါသနည်း။ ပညတ်တရားသည် လူတို့
များယွင်း သည့်အရာများကို ဖော်ထုတ်ရန်အတွက်
ဖြစ်သည်။ အာဗြဟံ၏ ထူးခြားသောအမျိုးအနွယ်
ရောက်မလာမီတိုင်အောင် ပညတ်တရားသည်ဆက်
လက်၍ တည်ရှိပေမည်။ ဘုရားသခင်၏ကတိတော်
အကြောင်းမှာ ထိုအမျိုးအနွယ် (*ခရစ်တော်*)ဖြစ်၏။
ပညတ်တရားသည်ကောင်းကင်တမန်အားဖြင့်ပေး
တော်မူ၏ ကောင်းကင်တမန်များသည် ပညတ်
တရားကို လူတို့အားပေးရန် မောရှေကို အာမခံ
တစ်ဦးအဖြစ် အသုံးပြုခဲ့၏ ၂၀ သို့သော်လည်း ကတိ
ပြုသောသူသည် တစ်ဘက်တည်းဖြစ်သောအခါ
အာမခံရှိရန် မလိုအပ်တော့ချေ။ ထိုကတိတော်ကို
ပေးသော ဘုရားသခင်သည် တစ်ဘက်တည်း
သာဖြစ်၏။

**မောရှေပညတ်တရား၏ ရည်ရွယ်ချက်**

၂၁ ထိုသို့ဆိုသော် ပညတ်တရားသည် ဘုရား
သခင်၏ ကတိတော်များကို ဆန့်ကျင်ဘက်ပြုကာ
ဆီးတားပါသလား။ ထိုသို့မဟုတ်ပါ။ အကယ်၍
လူတို့အား အသက်ကိုပေးနိုင်သော ပညတ်တရား
ရှိခဲ့လျှင် ငါတို့သည် ပညတ်တရားကိုလိုက်လျှောက်
ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ ရောက်မည်ဖြစ်၏။
၂၂သို့သော်လည်း ထိုသို့မဟုတ်ပါ။ အဘယ်ကြောင့်
ဆိုသော် လူအားလုံးတို့သည် အပြစ်တရား၌ ချည်
နှောင်လျက်ရှိသည်ဟု သမ္မာကျမ်းစာ၌ ဖော်ပြထား
၏။ အဘယ်ကြောင့် သမ္မာကျမ်းစာ၌ ထိုသို့ဖော်ပြ

ပါသနည်း။ အဘယ်ကြောင့်ဆိုသော် ယေရှုခရစ်
တော်ကို ယုံကြည်ခြင်းအားဖြင့် ထိုကတိတော်များ
ကို လူတို့ရရှိစေရန်ဖြစ်သည်။
၂၃ ဤယုံကြည်ခြင်းတရား ရောက်မလာမီ ငါ
တို့အားလုံးသည် ပညတ်တရားအားဖြင့် အကျဉ်း
သားများကဲ့သို့ ချည်နှောင်လျက်ရှိ၏။ ဘုရားသခင်
သည် ရောက်လာမည့် ယုံကြည်ခြင်းနည်းလမ်းကို
ငါတို့အား ဖော်ပြတော်မမူမီတိုင်အောင် ငါတို့၌
လွတ်မြောက်ခြင်းမရှိ။ ၂၄ ထိုကြောင့် ခရစ်တော်
ရောက်မလာမီတိုင်အောင် ပညတ်တရားသည် ငါ
တို့၏အထိန်းဖြစ်၏။ ခရစ်တော်ရောက်လာပြီးနောက်
ငါတို့သည် ယုံကြည်ခြင်းအားဖြင့် ဘုရားသခင်ရှေ့
၌ဖြောင့်မတ်ခြင်းအခွင့်ကို ရကြ၏။ ၂၅ ယခုတွင်
ယုံ ကြည်ခြင်းလမ်းသည် ရောက်လာပြီ။ ထိုကြောင့်
ငါတို့သည် ပညတ်တရား၏အောက်၌ အသက်မရှင်
ကြတော့ပါ။
၂၆-၂၇ သင်တို့အားလုံးသည် ခရစ်တော်၏ အထဲ
၌ ဗတ္တိဇံကို ခံရကြ၏။ ထိုကြောင့် သင်တို့ အားလုံး
သည် ခရစ်တော်ကို ယူတင်ဝတ်ဆောင်သောသူ
များဖြစ်ကြ၏။ သင်တို့သည် ခရစ်တော်ယေရှုကို
ယုံကြည်သောအားဖြင့် ဘုရားသခင်၏ သားသမီး
များဖြစ်လာကြသည်ကို ထိုအရာက ထင်ရှားစေ၏။
၂၈ ယခုတွင် ခရစ်တော်၌ ဂျူးလူမျိုးနှင့် ဂရိလူမျိုး
*(ဂျူးလူမျိုးမဟုတ်သောအခြားသူများ)* တို့ကြား၌
ကွဲပြားခြားနားခြင်း အလျှင်းမရှိ။ ကျွန်များနှင့် လူ
လွတ်တို့ကြားတွင်လည်း ကွဲပြားခြားနားခြင်း မရှိ။
ယောကျ်ား၊ မိန်းမဟူ ကွဲပြားခြားနားမှု မရှိ။ သင်တို့
အားလုံးတို့သည် ခရစ်တော်ယေရှု၌ တစ်လုံးတစ်ဝ
တည်း ဖြစ်ကြ၏။ ၂၉ သင်တို့သည် ခရစ်တော်နှင့်
စပ်ဆိုင်ကြ၏။ ထိုကြောင့် သင်တို့သည် အာဗြဟံ၏
အမျိုးအနွယ်များဖြစ်ကြ၏။ ဘုရားသခင်သည်
အာဗြဟံ၌ပြုတော်မူသော ကတိတော်အားဖြင့် သင်
တို့သည် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများကို
ခံရကြ၏။

၄ ငါသည် သင်တို့အား ဤအရာကို ပြောပြလို၏။
အမွေခံသည့် ကလေးသူငယ်သည် ငယ်ရွယ်
စဉ်တွင် အစေခံကျွန်နှင့် ခြားနားခြင်း မရှိ။ အမွေခံ
မည့်သူသည် အရာခပ်သိမ်းကို ပိုင်ဆိုင်သည်၊
မပိုင်ဆိုင်သည်မှာ အရေးမကြီး။ ၂ အဘယ်
ကြောင့်ဆိုသော် သူငယ်ရွယ်စဉ်တွင် သူ့ကို စောင့်
ရှောက်ရန် ရွေးချယ်ထားသောသူတို့၏ စကားကို
နားထောင်ရမည်။ သို့သော်လည်း ထိုကလေးသည်
အဖေ စီရင်သောအချိန်ရောက်သောအခါ လွတ်လပ်
လေ၏။ ၃ ငါတို့၌လည်း ထိုနည်းတူဖြစ်၏။ ငါတို့
သည် တစ်ချိန်က ကလေးငယ်များကဲ့သို့ဖြစ်ကြ၏။
ငါတို့သည် အသုံးမရသော ဤလောကီတရား၏
အုပ်စိုးခြင်းအောက်၌ ကျွန်များဖြစ်ခဲ့ကြ၏။ ၄ သို့
သော်လည်း အချိန်စေ့သောအခါ၊ ဘုရားသခင်သည်
မိမိ၏သားတော်ကို စေလွှတ်တော်မူ၏။ ဘုရားသ
ခင်၏သားတော်သည် မိန်းမဝမ်းမှ မွေးဖွားတော်
မူခဲ့၏။ ဘုရားသခင်၏သားတော်သည် ပညတ်တရား
အောက်၌ အသက်ရှင်တော်မူခဲ့၏။ ၅ သူသည် ပညတ်
တရားအောက်၌ ရှိသောသူတို့ကို လွတ်မြောက်စေ
ရန် ရွေးနှုတ်ဝယ်ယူနိုင်ပါမည်အကြောင်း ဘုရား
သခင်သည် ဤအရာကို ပြုတော်မူခဲ့၏။ ဘုရားသ
ခင်၏ အကြံအစည်မှာ ငါတို့အား သူ၏သားသမီး
များဖြစ်စေရန် အလိုတော်ရှိ၏။
၆ သင်တို့သည် ဘုရားသခင်၏ သားသမီးများ
ဖြစ်ကြ၏။ ထိုအကြောင်းကြောင့် ဘုရားသခင်သည်
မိမိသားတော်၏ဝိညာဉ်တော်ကို ငါတို့၏စိတ်နှလုံး
ထဲ၌ ကျိန်းဝပ်စေတော်မူ၏။ ထိုဝိညာဉ်တော်သည်
"အဗ္ဗ၊ အဖ" ဟူ၍ ဟစ်ကြွေး၏။ ၇ ထို့ကြောင့် ယခု
တွင်သင်တို့သည် ယခင်ကကဲ့သို့ ကျွန်များ မဟုတ်။
သင်တို့သည် ဘုရားသခင်၏ သားဖြစ်ကြ၏။ သင်
တို့သည် ဘုရားသခင်၏သားသမီးများဖြစ်ကြသော
ကြောင့် ဘုရားသခင်သည် မိမိကတိထားသောအရာ
များတို့ကို သင်တို့အား ပေးတော်မူလိမ့်မည်။

### ဂလာတိမှ ခရစ်ယာန်များအပေါ် ပေါလု၏ ချစ်ခြင်းမေတ္တာ

၈ လွန်ခဲ့ပြီးသောအချိန်က သင်တို့သည် ဘုရား
သခင်ကို မသိခဲ့ကြ။ သင်တို့သည် အမှန်မဟုတ်
သောနတ်ဘုရားတို့၏ ကျွန်များဖြစ်ကြ၏။ ၉ သို့သော်
လည်း ယခုတွင် သင်တို့သည် စစ်မှန်သောဘုရား
သခင်ကို သိကြ၏။ အမှန်စင်စစ် ထိုဘုရားသည်
သင်တို့ကို သိတော်မူ၏။ ထိုကြောင့် ယခင် သင်တို့
လိုက်ခဲ့သော အားနည်း၍အသုံးမဝင်၊ ချမ်းသာ
မပေးနိုင်သော မှားယွင်းသည့်တရား၏အုပ်စိုးခြင်း
နောက်သို့ အဘယ်ကြောင့် လှည့်ပြန်ကြပါသနည်း။
သင်တို့သည် ထိုအရာများ၏ ကျွန်များဖြစ်ကြရန်
တစ်ဖန် အလိုရှိကြပါသလား။ ၁၀ သင်တို့သည် ယခု
တိုင်အောင် နေ့ထူးနေ့မြတ်များ၊ ရာသီများ၊ နှစ်
များအကြောင်းကို သွန်သင်သောဥပဒေသများ
နောက်သို့ လိုက်ကြ၏။ ၁၁ ငါသည် သင်တို့အတွက်
ကြောင့် စိုးရိမ်လျက်ရှိ၏။ သင်တို့အတွက် ငါကြိုး

စား၍လုပ်ဆောင်သောအရာတို့သည် အချည်းနှီးဖြစ်
သွားမည်ကို ငါ စိုးရိမ်၏။
၁၂ ညီအစ်ကိုမောင်နှမများတို့၊ ငါသည်လည်း
သင်တို့ကဲ့သို့ဖြစ်၏။ ထို့ကြောင့် သင်တို့သည်လည်း
ငါကဲ့သို့ဖြစ်ကြ၏။ သင်တို့သည် ယခင်က ငါ့အတွက်
အလွန်ကောင်းမြတ်ကြ၏။ ၁၃ ငါသည် သင်တို့ဆီသို့
ပထမအကြိမ် အဘယ်ကြောင့်လာခဲ့သည်ကို သင်
တို့အောက်မေ့သတိရကြလိမ့်မည်။ ငါသည် ဖျား
နာသောကြောင့်ဖြစ်၏။ ထိုအချိန်တွင် ငါသည်
သင်တို့အား ဝမ်းမြောက်စရာသတင်းကောင်းကို
ဟောပြောခဲ့၏။ ၁၄ ငါ၏ ဖျားနာခြင်းမှာ သင်တို့အ
တွက် ဝန်ထုပ်ဖြစ်ရ၏။ သို့သော်လည်း ငါ့အား ရွံ
မုန်းခြင်းကို မပေါ်လွင်စေကြ။ သင်တို့သည် ငါ့ကို
မပယ်ကြ။ ဘုရားသခင်ထံတော်မှလာသောကောင်း
ကင်တမန်တစ်ပါးကဲ့သို့ သင်တို့သည် ငါ့ကိုကြိုဆို
လက်ခံခဲ့ကြ၏။ ခရစ်တော်ကိုယ်တော်တိုင်ကဲ့သို့
ထင်မှတ်၍ သင်တို့သည် ငါ့ကို လက်ခံခဲ့ကြ၏။
၁၅ သင်တို့သည် အလွန်ဝမ်းမြောက်ခြင်းရှိခဲ့ကြ၏။
ထိုဝမ်းမြောက်ခြင်းသည် ယခုတွင် အဘယ်မှာရှိ
သနည်း။ ငါ့အား တတ်စွမ်းသမျှ ကူညီကြရန် သင်
တို့ အလိုရှိခဲ့ကြသည်ကို ငါအောက်မေ့လျက်ရှိ၏။
ဖြစ်နိုင်မည်ဆိုလျှင် သင်တို့၏မျက်လုံးများကိုပင်
ထုတ်၍ ငါ့ကို ပေးလှူရန် သင်တို့ အလိုရှိခဲ့ကြ၏။
၁၆ ငါသည် သင်တို့အား သမ္မာတရားကို ဟောပြော
သောကြောင့် ယခုတွင် ငါသည် သင်တို့၏ ရန်သူ
ဖြစ်ရ၏။
၁၇ ထိုသူတို့သည် သင်တို့လက်ခံယုံကြည်လာ
စေရန် အလွန်ကြိုးစားလျက် ဖျောင်းဖျသိမ်းသွင်း
ကြ၏။ သို့သော်လည်း ဤအရာသည် သင်တို့အ
တွက် မကောင်း။ သင်တို့သည် ငါတို့ကို ဆန့်ကျင်
၍ လွဲသွားစေရန်၊ ထိုသူတို့သည် သင်တို့ကို တိုက်
တွန်းလိုကြ၏။ သင်တို့သည် ထိုသူတို့ နောက်ကို
သာလိုက်ပြီး အခြားမည်သူ့နောက်ကိုမျှ မလိုက်ကြ
ရန် ထိုသူတို့သည် အလိုရှိကြ၏။ ၁၈ သင်တို့ကို
သူတို့ စိတ်ဝင်စားခြင်းသည် ကောင်း၏။ သို့သော်
လည်း သူတို့၏ ရည်ရွယ်ချက်ကောင်းမှသာလျှင်
ဖြစ်၏။ ဤအရာသည် အစဉ်အမြဲမှန်ကန်ပါ၏။ ငါ
သည် သင်တို့နှင့်အတူရှိနေစဉ်အခါဖြစ်စေ၊ ဝေး
နေသောအချိန်၌ဖြစ်စေ ထိုအရာသည် မှန်ကန်ပါ
၏။ ၁၉ သားသမီးတို့၊ မိခင်တစ်ဦးသည် မီးဖွားသော
အခါ ဝေဒနာခံစားရသကဲ့သို့ ငါသည်လည်း သင်
တို့အတွက် နာကျင်သောဝေဒနာကို ခံစားရ၏။
သင်တို့သည် ခရစ်တော်နှင့် တူလာသည်အထိ
ထိုဝေဒနာကို ငါခံစားရဦးမည်။ ၂၀ ယခုတွင် ငါ
သည် သင်တို့နှင့်အတူ ရှိနေဖို့ရန် အလိုရှိ၏။ ထို
နောက်သင်တို့အားအခြားသောနည်းလမ်းဖြင့်သွန်သင်
နိုင်လိမ့်မည်။ ယခုတွင် သင်တို့အကြောင်းကို
အဘယ်သို့ပြုရမည်ကို ငါမသိ။

**ဟာဂရနှင့် စာရာတို့၏ ပုံသက်သေ**

၂၁ သင်တို့တွင် အချို့သောသူတို့သည် မောရှေ
၏ ပညတ်တရားအောက်၌နေရန် အလိုရှိကြသေး
၏။ ပညတ်တရား၌ အဘယ်သို့ ဆိုထားသည်ကို
ငါ့အားပြောကြပါ။ ၂၂ အာဗြဟံ၌ သားနှစ်ယောက်
ရှိသည်ဟု သမ္မာကျမ်းစာ၌ဆိုထား၏။ တစ်ယောက်
၏မိခင်သည် ကျွန်မဖြစ်၏။ အခြားတစ်ယောက်၏
မိခင်မှာ လွတ်လပ်သောမိန်းမဖြစ်၏။ ၂၃ ကျွန်မ
နှင့်ရသောသားသည် သာမန်လူတို့၏ထုံးစံအားဖြင့်
မွေးဖွားသောသားဖြစ်၏။ လွတ်လပ်သော မိန်းမ
မွေးသောသားသည် ဘုရားသခင် ကတိတော်ရှိသည်
အတိုင်း အာဗြဟံအား ပေးသော သားဖြစ်၏။
၂၄ ဤဖြစ်ရပ်မှန်ပုံဝတ္ထုသည် ငါတို့အတွက်
ပုံသက်သေကို ဖြစ်စေ၏။ ထိုမိန်းမနှစ်ဦးတို့မှာ
ဘုရားသခင်နှင့် လူတို့ကြား ပြုတော်မူသော သဘော
တူညီချက် *(ပဋိညာဉ်)* နှစ်ခုကဲ့သို့ဖြစ်၏။ သဘော
တူညီချက်တစ်ခုမှာ ဘုရားသခင်သည် သိနာ
တောင်ပေါ်၌ ပြုတော်မူခဲ့သော ပညတ်တရားဖြစ်
၏။ ထိုသဘောတူညီချက်အောက်၌ရှိသော သူတို့
သည် ကျွန်များကဲ့သို့ဖြစ်ကြ၏။ ဟာဂရအမည်ရှိ
သောမိခင်သည် ထိုသဘောတူညီချက်ကဲ့သို့ ဖြစ်
၏။ ၂၅ ထို့ကြောင့် ဟာဂရသည် အာရပ်ပြည်၌ရှိသော
သိနာတောင်ကဲ့သို့ဖြစ်၏။ သူမသည် လောကီရေး
ရာနှင့်ဆိုင်သော ဂျူးလူမျိုးတို့၏ ယေရုရှလင်မြို့
ကဲ့သို့ဖြစ်၏။ ထိုမြို့သည် ကျွန်ခံရသောမြို့ဖြစ်၏။
ထိုမြို့သား *(ဂျူးလူမျိုး)* အားလုံးတို့သည်လည်း
ပညတ်တရား၌ ကျွန်များဖြစ်ကြ၏။ ၂၆ သို့သော်
ကောင်းကင်ဘုံနှင့်ဆိုင်သော ယေရုရှလင်မြို့သည်
အထက်အရပ်၌ရှိ၏။ ထိုမြို့သည် လွတ်လပ်သော
မိန်းမနှင့်တူ၏။ ထိုမိန်းမသည် ငါတို့၏မိခင်ဖြစ်
၏။ ၂၇ ကျမ်းစာ၌ ရေးထားသည်မှာ

"သားသမီးများမမွေးနိုင်သော မိန်းမ၊
ဝမ်းမြောက်ပါ၊
သင်သည် တစ်ကြိမ်တစ်ခါမျှ
သားဖွားခြင်းမရှိခဲ့၊
သားဖွားခြင်း ဝေဒနာကို တစ်ကြိမ်တစ်ခါမျှ

မခံစားရသောသင်သည်
ဝမ်းမြောက်ခြင်းနှင့် ကြွေးကြော်၍
အော်ဟစ်ပါ။
တစ်ကိုယ်တည်းရှိသော မိန်းမ
သင်သည် လင်ယောကျ်ားရှိသော မိန်းမထက်
သာ၍များစွာသောသားမီးများကို
မွေးဖွားလိမ့်မည်"

*ဟေရှာယ ၅၄း၁*

၂၈-၂၉ အာဗြဟံ၏ သားတစ်ယောက်မှာ ဇာတိ
ပကတိအားဖြင့်မွေးဖွားခဲ့၏။ နောက်သားတစ်ယောက်
(ဣဇာက်)သည် ဘုရားသခင်၏ကတိတော်လာ
သည်အတိုင်း ဝိညာဉ်တော်တန်ခိုးအားဖြင့် မွေးဖွား
ခဲ့၏။ ငါ၏ ညီအစ်ကိုမောင်နှမများတို့ သင်တို့
သည်လည်း ဣဇာက်ကဲ့သို့ ကတိတော်နှင့်စပ်ဆိုင်
သောသားသမီးများဖြစ်ကြ၏။ သာမန်ထုံးစံအားဖြင့်
မွေးဖွားသောသားသည် နောက်သားတစ်ယောက်
(*ဣဇာက်*)ကို ညှဉ်းဆဲ၏။ ထိုနည်းတူယနေ့၌လည်း
ဖြစ်၏။ ၃၀ သို့သော်လည်း သမ္မာကျမ်းစာ၌ အဘယ်
သို့ဆိုထားပါသနည်း။ "ကျွန်မနှင့် သူမ၏သားကို
ပြင်သို့ နှင်ထုတ်ပါ၊ ကျွန်မမဟုတ်သော လွတ်လပ်
သည့် မိန်းမ၏သားသည် သူ့ဖခင်၌ ရှိသမျှသော
အရာအားလုံးတို့ကို အမွေခံရလိမ့်မည်။ သို့သော်
လည်း ကျွန်မနှင့်ရသောသားသည် မည်သည့်အရာ
တစ်စုံတစ်ခုကိုမျှ အမွေမခံရ။ ၃၁ ထို့ကြောင့် ငါ၏
ညီအစ်ကိုမောင်နှမများတို့၊ ငါတို့သည် ကျွန်မအား
ဖြင့် မွေးသော သားသမီးများ မဟုတ်။ ငါတို့သည်
ကျွန်မ မဟုတ်သည့် လွတ်လပ်သောမိန်းမအား
ဖြင့် မွေးသောသားသမီးများဖြစ်ကြ၏။

## ယုံကြည်သူတို့၏ လွတ်လပ်မှုကို ထိန်းသိမ်းခြင်း

၅ ယခုတွင် ငါတို့သည် လွတ်လပ်သောအခွင့်
ရှိကြ၏။ ခရစ်တော်သည် ငါတို့ကို လွတ်ခြင်း
အခွင့်ပေးတော်မူ၏။ တစ်ဖန်ပြောင်းလဲ၍ ပညတ်
တရား၏ကျွန်ခံရန် နောက်ပြန်မဆုတ်ကြပါနှင့်။
၂ နားထောင်ကြ။ ငါသည်ပေါလုဖြစ်၏။ သင်တို့သည်
အရေဖျားလှီးခြင်းကို ခံသောအားဖြင့် ပညတ်တရား
ဘက်သို့ ပြန်သွားလျှင် ခရစ်တော်သည် သင်တို့
အတွက် မည်သည့်အကျိုးကိုမျှ မပေး။ ၃ တစ်ဖန်
ငါသည် လူတိုင်းကို သတိပေး၏။ သင်တို့သည်
ကိုယ်ကိုယ်ကို အရေဖျားလှီးခြင်း နောက်သို့လိုက်
စေကြလျှင် သင်တို့သည် မောရှေ၏ ပညတ်တရား
အားလုံးကို လိုက်လျှောက်ရမည်။ ၄ သင်တို့သည်
ပညတ်တရားအားဖြင့် ဘုရားသခင်ရှေ့၌ ဖြောင့်
မတ်ခြင်းသို့ရောက်ရန် ကြိုးစားကြလျှင် သင်တို့၏
အသက်သည် ခရစ်တော်နှင့်ကွာ၍၊ သင်တို့သည်
ဘုရားသခင်၏ကျေးဇူးတော် *(ကြင်နာခြင်း)* ကို ဆုံး
ရှုံးပြီဖြစ်၏။ ၅ ငါသည် ဤအရာကို ပြောဆိုရသည့်
အကြောင်းမှာ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်ခြင်း
အခွင့်ကို ရသည်ဟူသော ငါတို့၏ မျှော်လင့်ခြင်း
သည် ယုံကြည်ခြင်းအားဖြင့်ဖြစ်၏။ ငါတို့သည် ထို
မျှော်လင့်ခြင်းကို ဝိညာဉ်တော်အားဖြင့် စောင့်လျက်
နေကြ၏။ ၆ ခရစ်တော်၌ရှိသော လူတစ်ယောက်
အတွက်အရေဖျားလှီးခြင်းကို ခံခြင်း၊ မခံခြင်းသည်
အရေးကြီးသောအရာ မဟုတ်။ အရေးကြီးသောအရာ
မှာ ယုံကြည်ခြင်းဖြစ်၍ ချစ်ခြင်းမေတ္တာအားဖြင့်
လုပ်ဆောင်သော ယုံကြည်ခြင်းမျိုးဖြစ်၏။

၇ သင်တို့သည် ကောင်းသောပြေးပွဲ၌ ပြေးခဲ့
ကြ၏။ သင်တို့သည် သမ္မာတရားကို နားထောင်ခဲ့
ကြ၏။ စစ်မှန်သောလမ်းသို့လိုက်ခြင်းမှ ရပ်စေရန်
အဘယ်သူသည်သင်တို့ကိုဖြားယောင်းသွေးဆောင်
ပါသနည်း။ ၈ ထိုဖြားယောင်းသွေးဆောင်ခြင်းသည်
သင်တို့ကို ရွေးကောက်တော်မူသောသူ *(ဘုရား
သခင်)* ထံမှလာသည် မဟုတ်။ ၉ သတိပြုပါ။ "အ
နည်းငယ်သော တဆေးသည် မုန့်စိမ်းတစ်ပုံလုံးကို
ဖောင်းကြွစေတတ်၏"။ ၁၀ သင်တို့သည် ထိုကွဲပြား
ခြားနားသော ယုံကြည်ချက်များကို မယုံကြည်ကြ
မည်အကြောင်း သခင်ဘုရား ကွယ်ကာမည်ဟု ငါ
သည် ယုံကြည်စိတ်ချ၏။ အချို့သော သူတို့သည်
ထို ယုံကြည်ချက်များနှင့်သင်တို့ကို ရှုပ်ထွေးစေ
ကြ၏။ ထိုသူသည် မည်သို့သောသူဖြစ်စေ အပြစ်
စီရင်ခြင်း ကို ခံရလိမ့်မည်ဖြစ်၏။

၁၁ ငါ၏ညီအစ်ကိုမောင်နှမများတို့၊လူတို့သည်
အရေဖျားလှီးခြင်းကို ခံရမည်အကြောင်း ငါသည်
ဟောပြောသွန်သင်ခြင်းမရှိ။ ငါသည် အရေဖျားလှီး
ခြင်းကို ဟောပြောသွန်သင်နေသေးလျှင်၊ ငါသည်
အဘယ်ကြောင့် ညှဉ်းဆဲခြင်းကို ခံရမည်နည်း။
လူတို့သည်အရေဖျားလှီးခြင်းကိုခံရမည်အကြောင်း
ငါသည်ဟောပြောသွန်သင်သေးလျှင် ငါဟောပြော
သောလက်ဝါးကပ်တိုင်တော်အကြောင်းသည် ထိမိ
၍ လဲစရာအကြောင်းမရှိ။ ၁၂ သင်တို့ကို အနှောင့်
အယှက်ပေး၍ စိတ်ရှုပ်ထွေးစေသောသူတို့အား
အရေဖျားလှီးခြင်းအပြင် သင်းကွပ်ပေးကြပါရန် ငါ
အလိုရှိ၏။

၁၃ ငါ၏ညီအစ်ကိုမောင်နှမများတို့၊ ဘုရားသခင်

သည် သင်တို့ကို လွတ်ခြင်းအခွင့်ရှိစေရန် ခေါ်
တော်မူ၏။ သို့သော်လည်း၊ အပြစ်များသော သင်တို့
၏ ဇာတိပကတိကို ကျေနပ်စေသောအရာများကို
ပြုရန် သင်တို့၏ လွတ်ခြင်းအခွင့်ကို မသုံးကြနှင့်။
သို့သော်လည်း အချင်းချင်းတစ်ယောက်ကို တစ်
ယောက် ချစ်ခြင်းမေတ္တာနှင့်အမှုကို ဆောင်ရွက်
ကြပါ။ ၁၄ "မိမိကိုယ်ကိုချစ်သည်နည်းတူ အခြားသော
သူတို့ကိုလည်း ချစ်ပါ" ဟူသော ပညတ်တစ်ပါး
တည်းအားဖြင့် ပညတ်တရားရှိသမျှတို့ကို ပြည့်စုံ
စေ၏။ ၁၅ သင်တို့သည် အချင်းချင်း တစ်ယောက်
ကိုတစ်ယောက် စိတ်အနှောင့်အယှက်ဖြစ်စေ၍
အကျိုးယုတ်စေကာ၊ အချင်းချင်းတို့ကို အပိုင်း
ပိုင်းဖြစ်အောင် ဆုတ်ဖြဲနေကြလျှင် သင်တို့သည်
အချင်းချင်း ဖျက်ဆီးနိုင်သည်ကို သတိပြုကြပါ။

**ဝိညာဉ်တော်နှင့် လူတို့၏သဘာဝဗီဇ**

၁၆ ထို့ကြောင့် သင်တို့အား ငါပြောမည်။ ဝိညာဉ်
တော်ကို နာခံခြင်းအားဖြင့် အသက်ရှင်ကြပါ။ သို့
ပြုလျှင် အပြစ်များသော သင်တို့၏ ဇာတိပကတိ
အလိုအတိုင်း ဆိုးသောအမှုများကို ပြုကြလိမ့်မည်
မဟုတ်။ ၁၇ ငါတို့၏ ဇာတိပကတိအလိုများသည်
ဝိညာဉ်တော်ကို ဆန့်ကျင်၏။ ဝိညာဉ်တော်သည်
လည်း ငါတို့၏ဇာတိပကတိအလိုနှင့် ဆန့်ကျင်
ခြင်းငှာ အလိုရှိ၏။ ၎င်းတို့သည် တစ်ခုနှင့်တစ်ခု
ဆန့်ကျင်ဘက်ဖြစ်ကြ၏။ ထို့ကြောင့် သင်တို့သည်
အမှန် ပြုလိုသောအရာများတို့ကို သင်တို့မပြုနိုင်
ကြ။ ၁၈ သို့သော်လည်း သင်တို့သည် ဝိညာဉ်တော်
၏လမ်းပြဦးဆောင်မှုကို ခံယူလျှင် သင်တို့သည်
ပညတ်တရားအောက်၌ မရှိကြ။

၁၉ အပြစ်များသော ငါတို့၏ဇာတိပကတိပြုသော
မှားယွင်းသည့်အရာများမှာ ထင်ရှားလျက်ရှိ၏။ လိင်
နှင့်သက်ဆိုင်သောအပြစ်များကို ကျူးလွန်ခြင်း၊ မစင်
ကြယ်ခြင်း၊ ဆိုးသောအမှုများကို ပြုခြင်း၊ ၂၀ မှား
ယွင်းသောဘုရားများကို ကိုးကွယ်ခြင်း၊ ပြုစားခြင်း၊
မုန်းတီးခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ မနာလိုခြင်း၊ အလွန်
အမျက်ထွက်ခြင်း၊ အတ္တလွန်ကဲခြင်း၊ အချင်းချင်း
တစ်ယောက်ကိုတစ်ယောက် ဒေါသ အမျက်ထွက်
အောင်ပြုခြင်း၊ သင်းခွဲခြင်း၊ ၂၁ ငြူစူခြင်း၊ ယစ်မျိုး
ကိုသောက်ကြူးခြင်း၊ ရိုင်းစိုင်းခြင်း၊ အချည်းနှီး
သောပွဲလုပ်ခြင်းနှင့် ဤအရာများနှင့်တူသောအခြား
အရာတို့ကိုပြုခြင်းဖြစ်၏။ ငါသည်သင်တို့ကိုယခင်
သတိပေးသည်နည်းတူ ယခုလည်း သင်တို့ကို ငါ
သတိပေး၏။ ထိုသို့ပြုသော သူတို့သည် ဘုရား
သခင်၏နိုင်ငံတော်ထဲသို့ ဝင်ရလိမ့်မည် မဟုတ်။
၂၂ သို့သော်လည်း၊ ဝိညာဉ်တော်သည် ချစ်ခြင်း၊
ဝမ်းမြောက်ခြင်း၊ ငြိမ်သက်ခြင်း၊ စိတ်ရှည်ခြင်း၊
ကျေးဇူးပြုခြင်း၊ ကောင်းမြတ်ခြင်း၊ သစ္စာစောင့်ခြင်း၊
၂၃ နူးညံ့သိမ်မွေ့ခြင်း၊ စိတ်ထိန်းချုပ်နိုင်ခြင်းတို့ကို
ပေးတော်မူ၏။ ထိုအရာများကို မှားယွင်းသည်ဟု
အပြစ်တင်နိုင်သောတရား တစ်စုံတစ်ခုမျှ မရှိပါ။
၂၄ ခရစ်တော်ယေရှုနှင့်စပ်ဆိုင်သောသူတို့သည်
မိမိတို့၏ ဇာတိပကတိစိတ်များနှင့် အလိုဆန္ဒများ
ကိုလက်ဝါးကပ်တိုင်ပေါ်၌ရိုက်ထား*(အသေသတ်
ပြီး)*ကြပြီဖြစ်၏။ သူတို့သည် မိမိတို့ဇာတိလူဟောင်း
၏ တပ်မက်သောအတ္တစိတ်နှင့် သူတို့ပြုလိုသော
ဆိုသောအရာများကို စွန့်လွှတ်ကြပြီးဖြစ်၏။ ၂၅ ငါ
တို့သည် အသစ်သောအသက်တာကို ဝိညာဉ်တော်
အားဖြင့် ခံရကြ၏။ ထို့ကြောင့် ငါတို့သည် ဝိညာဉ်
တော်၏ အလိုသို့ နာခံကာ လိုက်လျှောက်ရမည်။
၂၆ ငါတို့သည် အချည်းနှီးသော*(စိတ်ကြီးဝင်သော)*
သူများ မဖြစ်ရ။ ငါတို့သည်အချင်းချင်း တစ်ယောက်
ကိုတစ်ယောက် စိုးရိမ်ပူပန်ခြင်းရှိစေရန် မပြုရ။
ငါတို့သည်အချင်းချင်းတစ်ယောက်ကိုတစ်ယောက်
မနာလိုခြင်း မရှိရ။

**အချင်းချင်း ကူညီခြင်း**

၆ ညီအစ်ကိုမောင်နှမများတို့၊ သင်တို့တွင် တစ်
ယောက်သောသူသည် မှားယွင်းသောအရာ
တစ်စုံတစ်ခုကိုပြုမိလျှင်သင်တို့တွင်ဝိညာဉ်အသက်
တာ ရင့်ကျက်သောသူတို့သည် ပြစ်မှားသော သူ
ထံသို့ သွားရကြမည်။ ထိုသူသည် တစ်ဖန် ဖြောင့်
မတ်လာစေရန် သင်တို့သည် ကူညီရမည်။ သင်
တို့သည် ထိုအရာကို နူးညံ့သိမ်မွေ့စွာပြုရကြမည်။
သို့သော်လည်း သင်တို့ ကိုယ်တိုင်အပြစ်သွေး
ဆောင်ခြင်းသို့ ရောက် နိုင်သည်ကို သတိပြုရမည်။
၂ သင်တို့၏စိုးရိမ်ပူပန်ခြင်းအမှုများ၌ အချင်းချင်း
တစ်ယောက်ကိုတစ်ယောက် ကူညီကြပါ။ သင်တို့
သည် ထိုအမှုကိုပြုသောအခါ၊ ခရစ်တော်၏ပညတ်
တရားကို အမှန်စင်စစ်နာထောင်ကြ၏။ ၃ လူတစ်
ယောက်က အမှန်စင်စစ် သူသည် အရေးမကြီး၊
ဘာမျှမဟုတ်သော်လည်း မိမိသည် အရေးကြီးသော
သူဖြစ်သည်ဟု ထင်မှတ်သောသူသည် ကိုယ့်ကိုယ်
ကို လိမ်ညာလှည့်ဖြားသောသူ သာဖြစ်၏။ ၄ လူတစ်
ယောက်သည် မိမိကိုယ်ကို အခြား သောသူတို့နှင့်
နှိုင်းယှဉ်ခြင်းမပြုရ။ လူတစ်ယောက်စီတိုင်းတို့သည်

မိမိတို့ပြုခဲ့သောအရာများကို ကိုယ်ကိုယ်ကို စစ်
ကြောရမည်။ ထိုနောက် သူသည် အဘယ်သို့ ပြုခဲ့
သည်ဟူသောအရာပေါ်၌ ကိုယ့်ကိုယ်ကို ဝါကြွား
နိုင်မည်ဖြစ်၏။ ၅ လူအယောက်စီတိုင်းတို့သည် မိမိ
တို့၏တာဝန်ဝတ္တရားကို ထမ်းရွက်ကြရမည်။

**ကောင်းသောအမှုကို လုပ်ဆောင်ခြင်း**

၆ ဘုရားသခင်၏နှုတ်ကပတ်တော်ကို သင်ယူ
နေသောသူသည် မိမိအား သွန်သင်ပေးသောသူ
ကို ကောင်းသောအရာများ ဝေမျှမည်။
၇ အသိဉာဏ်မမဲ့ကြနှင့်။ သင်တို့သည် ဘုရား
သခင်ကို လိမ်ညာလှည့်ဖြားခြင်းမပြုနိုင်။ လူသည်
မိမိစိုက်ပျိုးသောအရာများကိုသာ ရိတ်သိမ်းရ၏။
၈ လူတစ်ယောက်သည် ဇာတိအလိုကျေနပ်စေရန်
စိုက်ပျိုး*(အသက်ရှင်)*လျှင် ထိုဇာတိပကတိအလို
ဆန္ဒသည် သူ့အား ထာဝရသေခြင်းသို့ ပို့ဆောင်
ပေးလိမ့်မည်။ သို့သော်လည်း လူတစ်ယောက်သည်
ဝိညာဉ်အလိုကို ကျေနပ်စေရန် စိုက်ပျိုးပါက သူ
သည် ထိုဝိညာဉ်အလိုဆောင်ခြင်းကြောင့် ထာဝရ
အသက်ကို ရလိမ့်မည်။ ၉ ငါတို့သည် ကောင်း
သောအမှုကို ပြုရာတွင် မောပန်းခြင်းသို့ မရောက်
အပ်။ ငါတို့သည် အချိန်ကာလရောက်သောအခါ
ထာဝရအသက်ကိုရိတ်သိမ်းရလိမ့်မည်။ ငါတို့သည်
လက်မလျှော့ရ။ ၁၀ ငါတို့သည် အခွင့်ကြုံတိုင်း လူ
အားလုံး၌ကောင်းသောအမှုများကိုပြုရမည်။ အထူး
သဖြင့် ယုံကြည်သူမိသားစု*(အသင်းတော်)*၌ရှိသော
သူတို့အား ဂရုစိုက်ရမည်။

**ပေါလုသည် သူ၏စာကို နိဂုံးချုပ်ခြင်း**

၁၁ ငါသည် ဤအရာကို ကိုယ်တိုင်ရေးသား၏။
အဘယ်မျှလောက်ကြီးသော စာများကို ငါ အသုံးပြု
သည်ကိုကြည့်ကြပါ။ ၁၂ အချို့သောသူတို့ကို အရေ
ဖျားလှီးခြင်းခံကြရန် အနိုင်အထက်ပြုကြ၏။ အခြား
သောသူတို့*(ဂျူးလူမျိုးတို့)*သည် သူတို့ကို လက်ခံ
ကြလိမ့်မည့်အကြောင်း ထိုအရာများကို ပြုကြ၏။
သူတို့သည် ခရစ်တော်၏ လက်ဝါးကပ်တိုင်တော်
တရား*(ဧဝံဂေလိတရား)*ကိုသာ နားထောင်၍လိုက်
လျှောက်မည်ဆိုလျှင်၊ သူတို့သည် ညှဉ်းဆဲခြင်းကို
ခံရကြလိမ့်မည့်အကြောင်းကို သူတို့သည် ကြောက်
ရွံ့လျှက်ရှိကြ၏။ ၁၃ အရေဖျားလှီးခြင်းကိုခံသော
ထိုသူတို့သည် မိမိတို့ကိုယ်တိုင်လည်း ပညတ်တ
ရားကို နာခံခြင်းမရှိကြ။ သို့သော်လည်း၊ သင်တို့
အား အရေဖျားလှီးခြင်းကို ခံစေရန် သူတို့အလိုရှိ
ကြ၏။ ထိုနောက် သူတို့သည် သင်တို့အား အဘယ်
သို့ အနိုင်အထက်ပြုနိုင်ကြောင်း ဝါကြွားနိုင်ကြ၏။
၁၄ ထိုကဲ့သို့သောအမှုတို့၌ ငါသည် ဝါကြွားခြင်း
အလျှင်းရှိလိမ့်မည် မဟုတ်။ ငါတို့ သခင်ယေရှု
ခရစ်တော်၏လက်ဝါးကပ်တိုင်*(အသေခံခြင်း)*တရား
သည်သာလျှင် ငါ ဝါကြွားစရာအကြောင်းဖြစ်၏။
လက်ဝါးကပ်တိုင်ပေါ်၌ ယေရှု၏ အသေခံတော်
မူခြင်းအားဖြင့် ဤလောကသည် ငါ၌အသေဖြစ်၏။
ငါသည်လည်း ဤလောက၌ အသေဖြစ်၏။ ၁၅ လူ
တစ်ယောက်သည် အရေဖျားလှီးခြင်းကို ခံသည်
ဖြစ်စေ၊ မခံသည်ဖြစ်စေ အရေးမကြီး။ ဘုရားသခင်
ပြုပြင်တော်မူသော လူသစ်ဖြစ်ခြင်းသည် အရေးကြီး
သောအရာဖြစ်၏။ ၁၆ ဤတရားကို နားထောင်၍
လိုက်သောဘုရားသခင်၏လူများအပေါ်၌ငြိမ်သက်
ခြင်းနှင့် သနားခြင်းဂရုဏာတော် သက်ရောက်ပါ
စေသော။
၁၇ ထို့ကြောင့် ငါ့အား စိုးရိမ်ပူပန်ခြင်းအမှုကို
ထပ်၍မပြုကြနှင့်။ ငါ၏ကိုယ်ခန္ဓာ၌ ဒဏ်ချက်ရာ
*(အမာရွတ်)*များရှိ၏။ ဤဒဏ်ချက်များအားဖြင့်
ငါသည် ခရစ်တော်ယေရှုနှင့်စပ်ဆိုင်သည်ကို ထင်
ရှားစေ၏။
၁၈ ငါ၏ညီအစ်ကိုမောင်နှမများတို့၊ ငါတို့သခင်
ယေရှုခရစ်၏ကျေးဇူးတော် *(ကြင်နာခြင်း)*သည်
သင်တို့၏ စိတ်ဝိညာဉ်များနှင့် အတူရှိစေရန် ငါ
ဆုတောင်း၏။ အာမင်

ဂလာတိသြဝါဒစာပြီး၏။